# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 3 , 2023 | Volume 64, Number 2


၃.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၁၆.၄ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံသို့ တရုတ်လျှပ်စစ်ကားများ မူဆယ်နယ်စပ်ဂိတ်မှတစ်ဆင့် တင်သွင်းလာ

တရုတ်-မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ကျင်စန်းကျော့-ဝမ်တိန် နှစ်နိုင်ငံကုန်သွယ်ရေးနယ်စပ်ဂိတ်မှ တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများကို ဖေဖော်ဝါရီ ၂၈ ရက်က နယ်စပ်လမ်းကြောင်းမှ ပထမဆုံးအကြိမ်အဖြစ် တင်သွင်းလာကြောင်း သိရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် ကားအစီးရေ အတိအကျ မသိရသော်လည်း အစီးရေ ၃၀ ခန့် ရောက်ရှိနေကြောင်း၊ အီးဗွီလျှပ်စစ်ကားဈေးမှာ တစ်စီးလျှင် ဒေါ်လာ ၇၈၀၀ ဝန်းကျင်ရှိကြောင်းသိရပြီး မြန်မာနိုင်ငံတွင် ရောင်းချနိုင်မည့်ဈေးနှုန်းနှင့်ပတ်သက်၍ မသိရှိရသေးကြောင်းသိရသည်။

ဇန်နဝါရီလတွင် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားအစီး ၄၀ ကို ပြည်တွင်းကုမ္ပဏီနှစ်ခုဖြစ်သည့် Chin Dwin Shan Construction ကုမ္ပဏီမှ အစီး၃၀နှင့် NPK Motors ကုမ္ပဏီမှ ၁၀ စီးပထမဆုံးအကြိမ်အဖြစ် စတင်တင်သွင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၁ ရက်က EV Charger 60 KW ငါးစုံလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုတိယအကြိမ်အဖြစ် တင်သွင်းရောက်ရှိလာကာ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်နေ့ချင်းပြီး ထုတ်ယူခွင့်ပြု ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်က အီးဗွီလျှပ်စစ်ယာဉ်များအတွက် အိမ်များတွင် တပ်ဆင်အသုံးပြုနိုင်သည့် အိမ်သုံး အားသွင်းစက် 7KW GB AC Charger ငါးခုကိုလည်း Chin Dwin Shan ကုမ္ပဏီက တင်သွင်းခဲ့ကြောင်း သိရသည်။

အကောက်ခွန် ကင်းလွတ်ခွင့်ပေးထားသည့် လျှပ်စစ်ကားတင်သွင်းခွင့်ကို ပြည်တွင်းကုမ္ပဏီ ၂၆ ခုမှ တင်သွင်းခွင့်လျှောက်ထားခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံထုတ် BYD အမှတ်တံ ဆိပ်လျှပ်စစ်ကားများတင်သွင်းရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကနဦးစီမံကိန်းအနေဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

Source: https://t.me/sdtimedaily


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုမှ နှစ်လအတွင်း ယွမ်သန်း ၁၅၀ ကျော်ရရှိ

၂၀၂၃ ခုနှစ်၏ မြန်မာ- တရုတ်နှစ်နိုင်ငံကုန်သွယ်မှုမှ နှစ်လအတွင်း ယွမ်သန်း ၁၅၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံရှိ တရုတ်သံရုံးက ထုတ်ပြန်ထားသည်။

တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် နံ့တောင်လမ်းကြောင်း၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုပမာဏသည် ယွမ်သန်း ၁၅၀ ရှိကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီ




လတွင် တရုတ်-မြန်မာနယ်စပ် နံ့တောင်လမ်းကြောင်း၏ ပို့ကုန်သွင်းကုန်ပမာဏ တန်ချိန် ၈၀၀၀၀ ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ကပ်ရောဂါဆိုင်ရာမူဝါဒများ ပိုမိုကောင်းမွန်အောင် ပြင်ဆင်လာချိန်မှစ၍ နံ့တောင်လမ်းကြောင်းတွင် ယာဉ်များတိုက်ရိုက်ဝင်ထွက်သွားလာသည့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးပုံစံကျင့်သုံးခဲ့ရာ နေ့စဉ်အဝင်အထွက် မော်တော်ယာဉ်အစီးရေ ၂၀၀ နှင့် ဂိတ်ဖြတ်သန်းသည့် ကုန်ပစ္စည်းတန်ချိန် ၂၆၀၀ ကို စစ်ဆေးနိုင်ကြောင်းလည်း သိရသည်။

ကိုဗစ်ကပ်ရောဂါကြောင့် ၂၀၂၀ မတ်လနောက်ပိုင်းကစပြီး ပိတ်ထားသည့် မန်ဝိန်း၊ နန်းတော်၊ ဆင်ဖြူ ပန်ဆိုင်းဂိတ်တွေကို ဇန်နဝါရီလ ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး လူများဖြတ်သန်းသွားလာခွင့်ကိုပါ ခွင့်ပြုခဲ့ကြောင်း၊ ယင်းအပြင် တရုတ်ဘက်မှ အစားထိုးယာဉ်မောင်းစနစ်(ရှန်တိန်) စနစ်ကို ပယ်ဖျက်ပေးလိုက်ပြီးနောက်ပိုင်းတွင် တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးသည် ယခင်ထက်ပိုမိုကောင်းမွန်လာကြောင်း နယ်စပ်ကုန်သည်များ၏ ပြောပြချက်အရသိရသည်။

**Source:** https://www.popularmyanmar.com/?p=105777

## သတ္တုတွင်းထွက်ပစ္စည်းပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာ ၂၇၉ သန်းကျော်လျော့ကျ

ယခုဘဏ္ဍာနှစ်အတွင်း ကျောက်စိမ်း၊ကျောက်မျက်ရတနာအပါအဝင် သတ္တုတွင်းထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉၄ ဒသမ ၄၁ သန်းရရှိထားပြီး ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၇၉ သန်းကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းတွေအရ သိရသည်။

ကုန်သွယ်မှုစာရင်းအချက်အလက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ ဧပြီလ ၁ရက်ကနေ ဖေဖော်ဝါရီလ ၁၇ ရက်အထိ ပြည်ပသို့တင်ပို့ထားသည့် သတ္တုတွင်းထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေဖြစ်ကြောင်း သိရသည်။

နိုင်ငံပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၉ သန်း၊ပုဂ္ဂလိကကဏ္ဍကနေ အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၇၁ သန်း တင်ပို့ခဲ့ကြောင်း စာရင်းများအရသိရသည်။ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ကဏ္ဍမှ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုသည် လျော့ကျနေကြောင်း စာရင်းများအရသိရသည်။

**Source:** https://www.popularmyanmar.com/?p=105794

## အောင်လံပဲကြီးနှင့်ကုလားပဲသီးနှံ ဈေးကောင်းရနေ




Source: https://t.me/htwettoe

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့မှာ လတ်တလော ပဲကြီးနဲ့ကုလားပဲ သီးနှံတွေ ထွက်ရှိချိန်ဖြစ်ရာ ပွဲရုံတွေနဲ့ကုန်စည်ဒိုင်ကို လှိုင်လှိုင်ဝင်နေသလို ဈေးကောင်းလည်း ရရှိနေတယ်လို့ ပွဲရုံတွေဆီကသိရပါတယ်။ အရင်နှစ်က ဟော်လန်ကုလားပဲ ၂၀ ပိဿာ တစ်အိတ်ကို ကျပ် ၄၂,၀၀၀ ရှိခဲ့ရာကနေ လက်ရှိမှာတော့ကျပ် ၆၆,၀၀၀ အထိ ဈေးရှိလာပြီး မြကြေး ကုလားပဲက ကျပ် ၆၅,၀၀၀ ဈေးရှိနေတယ်လို့ ပွဲရုံလုပ်ငန်းရှင် တစ်ယောက်က ဆိုပါတယ်။

ဒါ့အပြင် ပဲကြီးဈေးကလည်း အရင်နှစ်က ၂၀ ပိဿာတစ်အိတ်ကို ကျပ် ၆၀,၀၀၀ သာရှိခဲ့ရာကနေ လက်ရှိမှာတော့ ပဲကြီးရွှေကျွန်း ၂၀ ပိဿာ တစ်အိတ်ကို ကျပ် ၇၇,၀၀၀ ၊ ပဲကြီးအလတ်က ၇၅,၀၀၀ ကျပ်နဲ့ ပဲကြီးအသေးက ကျပ် ၇၃,၀၀၀ ဈေးအထိ ရှိလာတယ်လို့ သိရပါတယ်။

ပဲကြီးနဲ့ကုလားပဲသီးနှံတွေရဲ့ အရည်အသွေးကလည်း အရင်နှစ်ထက် အခုနှစ်မှာ ပိုကောင်းပြီး ပြည်တွင်းပဲကြော် ပဲလှော် လုပ်ငန်းတွေက ပဲကြီးကို အများဆုံးဝယ်ယူကြတယ်လို့ ပွဲရုံတွေဆီကသိရပါတယ်။ ဒါ့အပြင် ကုလားပဲသီးနှံကိုလည်း ပြည်တွင်း ပဲမှုန့်လုပ်ငန်းနဲ့ ကုလားပဲခွဲခြမ်းလုပ်ငန်းတွေက ဝယ်ယူကြတဲ့အပြင် ပြည်ပကိုလည်း တင်ပို့ပေးနေရတယ်လို့ သိရပါတယ်။

**(ဤဆောင်းပါးကို One News Myanmar မှကူးယူဖော်ပြပါသည်။)**

**Source:** https://t.me/htwettoe

## တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်စျေးနှုန်းတွေ ဘယ်လောက်ပြောင်းသွားလဲ..
## (၁.၂.၂၀၂၂ မှ ၁.၃.၂၀၂၂ အတွင်း စျေးနှုန်းကွာခြားချက်)

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်နေ့ကနေ ယခု မတ် ၁ ရက်နေ့အထိ တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်စျေးနှုန်းတွေ ဘယ်လောက်ထိ ပြောင်းလဲသွားလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

ဖေဖော်ဝါရီကနေစပြီး ဆန်သစ်တွေစျေးကွက်ထဲဝင်လာလို့ အခုစျေးနှုန်းတွေက အားလုံးဆန်သစ်စျေးနှုန်းတွေ ဖြစ်သွားပါပြီ။ ဒီတစ်လအတွင်းမှာ ဆန်စျေးနှုန်းတွေကတော့ သိသိသာသာသာ တက်သွားခဲ့ပါတယ်။ အနည်းဆုံး ၁၀၀၀ လောက်ကနေ အများဆုံး ၅၀၀၀ လောက်ထိ တက်သွားခဲ့ပါတယ်။ ဆန်စျေးတွေဟာ အပတ်စဉ်တိုင်းလိုလို စျေးပြောင်းလဲတက်သွားခဲ့တာဖြစ်ပြီး ဖေဖော်ဝါရီလကုန်ပိုင်းလောက်မှာ ဆန်အချို့ စျေးအနည်းငယ်ပြန်ကျသွားလို့သာ ကွာဟမှု ပြန်ကျဉ်းမြောင်းသွားတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းတုန်းက စျေးတွေအတက်ကြမ်းသွားခဲ့တဲ့ ကြက်သွန်နီတွေ ယခုနှစ်ဆန်းပိုင်းမှာတော့ အသစ်တွေစျေးကွက်ထဲအများအပြားဝင်လာမှုနဲ့အတူ အကျဘက်ကိုရောက်လာပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်တုန်းကဆို စျေးတွေတောင်ဖွင့်ခဲ့ခြင်းမရှိပါဘူး။ ယနေ့ မတ်လအစ အဖွင့်စျေးမှာဆိုရင်လည်း အကျစျေးတွေနဲ့ပဲ စတင်လာခဲ့ပါတယ်။ စျေးက ဆက်တိုက်ကို ကျနေတာဖြစ်ပါတယ်။

ပြည်တွင်းစားသုံးဆီစျေးမှာတော့ မန္တလေးစျေးကွက်မှာ ပဲဆီရော နှမ်းဆီရော စျေးတွေငြိမ်နေခဲ့ပါတယ်။ ပြည်စျေးကွက်မှာတော့ ပဲဆီစျေး ၁၀၀၀ ကျပ်ဝန်းကျင်လောက်တက်လာခဲ့ပါတယ်။ ဒီလထဲမှာ စျေးတွေဘယ်လောက်တက်သွားလဲဆိုတာတော့ ဇယားကွက်ကနေ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် –

| သီးနှံအမည် | စျေးနှုန်း | စျေးကွက် | ၁.၂.၂၀၂၃ (ကျပ်) | ၁.၃.၂၀၂၃ (ကျပ်) |
|---|---|---|---|---|
| ဆန် (ရှားပုံပေါ်ဆန်းမွှေး) | ၁.၅ တင်း | ဖဲတန်း | ၆၅၀၀၀ မှ ၆၇၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ဆန် (သေးသေးရဲ ပေါ်ဆန်းမွှေး) | ၁.၅ တင်း | ဖဲတန်း | ၆၅၀၀၀ မှ ၆၇၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ဆန် (မြောင်းမြ ပုသိမ်ပေါ်ဆန်းမွှေး) | ၁.၅ တင်း | ဖဲတန်း | ၆၈၀၀၀ မှ ၇၂၀၀၀ | ၇၂၀၀၀ မှ ၇၅၀၀၀ |
| ဆန် (ပေါ်ဆန်းနယ်စုံ) | ၁.၅ တင်း | ဖဲတန်း | ၆၃၀၀၀ မှ ၆၅၀၀၀ | ၆၈၀၀၀ မှ ၇၀၀၀၀ |
| ဆန် (ဧည့်မထ) | ၁.၅ တင်း | ဖဲတန်း | ၄၇၅၀၀ မှ ၄၈၅၀၀ | ၄၉၅၀၀ မှ ၅၁၀၀၀ |
| ဆန် (ငစိန်) | ၁.၅ တင်း | ဖဲတန်း | ၄၅၀၀၀ မှ ၄၇၀၀၀ | ၄၈၀၀၀ မှ ၅၀၀၀၀ |
| ဆန် (ရွှေဘိုပေါ်ဆန်း) | ၁.၅ တင်း | ဖဲတန်း | ၇၄၀၀၀ မှ ၈၀၀၀၀ | ၇၅၀၀၀ မှ ၈၅၀၀၀ |
| ဆန် (ဧည့်မထ ၂၅ %) | ၁.၅ တင်း | ဖဲတန်း | ၄၆၀၀၀ မှ ၄၇၀၀၀ | ၅၁၀၀၀ မှ ၅၃၀၀၀ |
| ဆန် (ရက် ၉၀ ရှယ်) | ၁.၅ တင်း | ဖဲတန်း | ၅၅၀၀၀ မှ ၅၈၀၀၀ | ၅၅၀၀၀ မှ ၅၇၀၀၀ |
| ဆန် (သီးထပ်) | ၁.၅ တင်း | ဖဲတန်း | ၄၈၀၀၀ မှ ၄၉၀၀၀ | ၅၀၀၀၀ မှ ၅၁၀၀၀ |
| ကြာမှုံရှယ် | ၁.၅ တင်း | ဖဲတန်း | ၇၂၀၀၀ မှ ၇၅၀၀၀ | ၇၁၀၀၀ မှ ၇၅၀၀၀ |
| ပေါ်ဆန်းရှယ် | ၁.၅ တင်း | ဖဲတန်း | ၆၅၀၀၀ မှ ၆၈၀၀၀ | ၆၇၀၀၀ မှ ၆၉၀၀၀ |
| တောင်ပျံ(ရှားပုံ) | ၁.၅ တင်း | ဖဲတန်း | ၇၁၀၀၀ မှ ၇၅၀၀၀ | ၇၅၀၀၀ မှ ၇၇၀၀၀ |
| ပေါ်ကျွဲ (ရှားပုံ) | ၁.၅ တင်း | ဖဲတန်း | ၅၀၀၀၀ မှ ၅၅၀၀၀ | ၆၀၀၀၀ မှ ၆၅၀၀၀ |
| တောင်ပျံ (မော်ကျွန်း) | ၁.၅ တင်း | ဖဲတန်း | ၆၈၀၀၀ မှ ၇၂၀၀၀ | ၇၅၀၀၀ မှ ၇၇၀၀၀ |
| ပေါ်ကျွဲ (မော်ကျွန်း) | ၁.၅ တင်း | ဖဲတန်း | ၅၄၀၀၀ မှ ၅၅၀၀၀ | ၅၈၀၀၀ မှ ၆၃၀၀၀ |
| ကြက်သွန်နီ (ဆိတ်ဖြူရှယ်) (သ) | ၁ ပိဿာ | ဘုရင့်နောင် | ၁၆၀၀ | ၁၂၂၅ မှ ၁၂၇၅ |
| ကြက်သွန်နီ (ဆိတ်ဖြူလတ်ကြီး) | ၁ ပိဿာ | ဘုရင့်နောင် | ၁၆၀၀ | ၁၂၂၅ မှ ၁၂၇၅ |
| ကြက်သွန်နီ (ဆိတ်ဖြူလတ်သန့်) | ၁ ပိဿာ | ဘုရင့်နောင် | ၁၆၀၀ | ၁၂၂၅ မှ ၁၂၇၅ |
| ကြက်သွန်နီ (ဆိတ်ဖြူလတ်ရော) | ၁ ပိဿာ | ဘုရင့်နောင် | ၁၅၀၀ | ၁၁၅၀ မှ ၁၁၇၅ |
| ကြက်သွန်ဖြူ (ကြူကုတ်) (ရှယ်) | ၁ ပိဿာ | ဘုရင့်နောင် | ၃၆၅၀ မှ ၃၇၅၀ | ၃၆၀၀မှ ၃၇၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၂) | ၁ ပိဿာ | ဘုရင့်နောင် | ၅၁၀၀ | ၄၁၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၃) | ၁ ပိဿာ | ဘုရင့်နောင် | ၅၈၀၀ | ၄၅၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၄) | ၁ ပိဿာ | ဘုရင့်နောင် | ၆၁၀၀ | ၄၇၀၀ |
| ကြက်သွန်ဖြူ (အောင်ပန်းအထူး ၅) | ၁ ပိဿာ | ဘုရင့်နောင် | ၆၃၀၀ | ၄၈၀၀ |
| ပဲဆီ | ၁ ပိဿာ | မန္တလေး | ၁၁၀၀၀ မှ ၁၂၅၀၀ | ၁၁၀၀၀ မှ ၁၂၅၀၀ |
| နှမ်းဆီ | ၁ ပိဿာ | မန္တလေး | ၁၀၀၀၀ မှ ၁၁၀၀၀ | ၁၀၀၀၀ မှ ၁၁၀၀၀ |
| ပဲဆီ | ၁ ပိဿာ | ပြည် | ၁၀၀၀၀ မှ ၁၁၀၀၀ | ၁၂၀၀၀ မှ ၁၃၀၀၀ |
| နှမ်းဆီ | ၁ ပိဿာ | ပြည် | ၁၁၀၀၀မှ ၁၂၀၀၀ | ၁၁၀၀၀မှ ၁၂၀၀၀ |

Source: https://greenwaymyanmar.com/

**(စိုက်ပျိုးရေးစျေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် စျေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)**

**"အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

**Source: https://greenwaymyanmar.com/**

## ပြည်ပဈေးကွက်၌ ငရုတ်သီးစိမ်းကျဆင်းသော်လည်း ငရုတ်သီးခြောက်ဈေးကွက် အလားအလာကောင်းလာနိုင်



Source: မကွေးဂျာနယ်

ပြည်တွင်းမှထွက်ရှိသော ငရုတ်သီးစိမ်းများမှာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ယခင်နှစ်များက ဝယ်လိုအားကောင်းခဲ့၍ ဈေးကောင်းရရှိခဲ့ပြီး လက်ရှိတွင် ပြည်ပဝယ်လိုအားမရှိဘဲ ဈေးကျဆင်းလျက်ရှိသော်လည်း ငရုတ်သီးခြောက်ဈေးကွက် အလားအလာကောင်းနိုင်ကြောင်း ငရုတ်သီးအစုအဖွဲ့မှ ဒေါ်ဥမ္မာက ပြောသည်။

ငရုတ်သီးစိမ်းများကို တရုတ်ဘက်မှ ဝယ်လိုအားမရှိဖြစ်နေပြီး ထိုင်းဘက်တွင် ဝယ်လိုအားအနည်းငယ်သာရှိ၍ ဖေဖော်ဝါရီ ၂ ရက်က နယ်စပ်ပေါက်ဈေးမှာ တစ်ကီလိုလျှင် ယိုးဒယားငွေ ၂၈ ဘတ်ထိ ကျဆင်းသွားသည်ဟုဆိုသည်။

"ငရုတ်သီးစိမ်းက ထိုင်းဈေးကွက်မှာ တစ်ကီလို ဘတ်ငွေ ၅၀ ကျော်ထိ ရခဲ့ကြတယ်။ ခုပေါက်ဈေးက ဘတ်၃၀ကနေ ၂၈ဘတ်ဖြစ် သွားတော့ ဈေးထပ်ကျသွားတယ်။ ပြည်တွင်းက ငရုတ်သီးစိမ်းတွေ ရောင်းပေးတဲ့ ထိုင်းနယ်စပ်မှာ ပွဲရုံတွေ အများကြီးရှိခဲ့ရာက ခုဆို တစ်ခုထဲရှိတော့တာကိုကြည့်ရင် ထိုင်းငရုတ် ဈေးကွက်အခြေအနေ ခန့်မှန်းလို့ရတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် တရုတ်နှင့်ထိုင်းဘက်မှ ငရုတ်သီးများ စိုက်ပျိုးထွက်ရှိချိန်ဖြစ်သောကြောင့် မြန်မာငရုတ်မှာ ဝယ်လိုအားမရှိသလောက် နည်းပါးသွားကြောင်း၊ ပြည်တွင်းမှ ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးစိမ်းများကို အခြောက်လှမ်း၍ ငရုတ်သီးခြောက်ဈေးကွက် ကောင်းနိုင်သည့်အတွက် ပြင်ဆင်ထားသင့်ကြောင်းသိရသည်။ "ငရုတ်သီး ဈေးကောင်းတယ်လို့ပြောကြပေမယ့် တကယ်လက်တွေ့မှာ ဈေးပေးဝယ်တာမရှိသလောက်ပဲ။ ပြည်ပဝယ်လိုအားမရှိတော့ ပြည်တွင်းမှာပိုလျှံနေတယ်။ ငရုတ်သီးခြောက်မှာ ဈေးကောင်းရနိုင်တာကြောင့် အခြောက်လှမ်းပြီး ငရုတ်သီးခြောက် ဈေးကွက်ကို စောင့်သင့်တယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်းငရုတ်သီးစိမ်းများမှာ လာမည့်မတ်လဝန်းကျင်တွင် ဒေသအသီးသီးမှ ငရုတ်သီးစိမ်းများထွက်ရှိတော့မည် ဖြစ်၍ လက်ရှိဈေးကွက်တွင် တစ်ပိဿာငွေကျပ် ၂၂၀၀၊ ၂၄၀၀ ကျပ်ဝန်းကျင်နှင့် တချို့ဒေသများတွင် ငွေကျပ် ၁၈၀၀၊ ၂၀၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရှိရာ ငရုတ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေသကဲ့သို့ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (3.3.2023)

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Mar. 2023

| Trading Volume | Trading Value |
|---|---|
| 8,858 (Shares) | 29,647,450 (MMK) |

### Main Board

As of 1:00 pm, 3rd Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,858 (Shares) | 29,647,450 (MMK) |

| MYANPIX | 376.03 ▲ 2.21 |
|---|---|
| Total Volume (shares) | 8,858 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 3rd Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.03 | +2.21 | +0.59% | 373.82 | 376.03 | 373.82 | 8,858 | 29,647,450 | 7 | 662,593 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 3rd Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,100 (Shares) | 14,852,850 (MMK) |

| MYANPIX | 376.03 ▲ 2.21 |
|---|---|
| Total Volume (shares) | 5,100 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |